- ဇူလိုင်လအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
- CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု
- CDM ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ
- ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဥ်များ
- ပြည်ထောင်စုဝန်ကြီး စကားသံ
- ဇူလိုင်လအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု
- ဆောင်းပါးကဏ္ဍ (နွေဦးတော်လှန်ရေးရဲဘော်များသို့...)
- ကဗျာကဏ္ဍ (မှန်ကန်သောလမ်း)
- ကာတွန်း
- ဩဂုတ်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့များ



# သတင်းလွှာ

အတွဲ (၁)၊ အမှတ် (၆) ၃၁ . ဇူလိုင်လ . ၂၀၂၂

အမျိုးသားညီညွတ်ရေးအစိုးရ . သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# MONREC NEWS


## ဇူလိုင်လအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

### ၁။ သယံဇာတစီမံအုပ်ချုပ်မှု မြို့နယ်အဖွဲ့ (TAB-NR) များနှင့် အစည်းအဝေးကျင်းပခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အတွင်းဝန်၊ ဒုတိယ အတွင်းဝန်၊ နည်းပညာ အကြံပေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ရှိ ဖွဲ့စည်းပြီးဖြစ်သည့် သယံဇာတစီမံအုပ်ချုပ်မှုမြို့နယ်အဖွဲ့ အဖွဲ့ဝင်များနှင့် (၄-၇-၂၀၂၂) ရက်နေ့၊ နံနက် (၁၀) နာရီမှ (၁၂:၃၀) နာရီအထိ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကြားကာလသယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ အရေးပေါ်လုပ်ထုံးလုပ်နည်း၊ သဘာဝဘေးအန္တရာယ်နှင့် စစ်ဘေးဒဏ်ခံရသောဒေသများတွင် ပြန်လည်ထူထောင်ရေး အရေးပေါ်လိုအပ်ချက်အတွက် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့် ညွှန်ကြားချက်များကို တင်ပြခဲ့ပြီး မြို့နယ်အဖွဲ့များဘက်မှလည်း မြေပြင်တွင် သယံဇာတစီမံအုပ်ချုပ်မှုလုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ အတွေ့အကြုံများတင်ပြကာ ဝန်ကြီးဌာနဘက်မှ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ လက်ရှိအထိ ဖွဲ့စည်းပြီး သယံဇာတစီမံ အုပ်ချုပ်မှု မြို့နယ်အဖွဲ့ (၁၃) ဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနနှင့် မြို့နယ်သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့တို့မှ စုစုပေါင်း (၂၃) ဦး တက်ရောက်ခဲ့သည်။

### ၂။ "အာဏာသိမ်းကာလအတွင်း တောရိုင်းတိရစ္ဆာန် (သို့) ဇီဝမျိုးစုံမျိုးကွဲများ၏ အခြေအနေ" ခေါင်းစဥ် ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လစဥ်ဆွေးနွေးပွဲ (၃) ကျင်းပခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လစဥ်ဆွေးနွေးပွဲ (၃) ကို "အာဏာသိမ်းကာလအတွင်း တောရိုင်းတိရစ္ဆာန် (သို့) ဇီဝမျိုးစုံမျိုးကွဲများ၏ အခြေအနေ" ခေါင်းစဥ်ဖြင့် (၁၇-၇-၂၀၂၂) ရက်နေ့ (တနင်္ဂနွေနေ့)၊ မြန်မာစံတော်ချိန် ည (၇) နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။




တော်လှန်ရေးတွင် စဉ်ဆက်မပြတ် ပါဝင်နေကြသူများဖြစ်သည့် CDM ဗိုလ်ကြီး ထက်မြတ်နှင့် သရုပ် ဆောင် Russell တို့မှ လူမှုဝန်းကျင်အပါအဝင် သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါလှသည့် အခန်းကဏ္ဍအကြောင်း၊ တော်လှန်ရေးကာလမှာ တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ရခြင်းအကြောင်းများ၊ အာဏာသိမ်းကာလ အတွင်း တောရိုင်းတိရစ္ဆာန် သေကြေပျက်စီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှု စသည့် အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။

## ၃။ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၄/၂၀၂၂) အစည်းအဝေး ကျင်းပခြင်း


ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၄/၂၀၂၂) အစည်းအဝေးကို (၂၅-၇-၂၀၂၂) ရက် နေ့၊ နေ့လယ် (၁) နာရီတွင် ကျင်းပခဲ့ရာ အဖွဲ့ဥက္ကဋ္ဌဖြစ်သော ပြည်ထောင်စုဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုဝန်ကြီး၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးချုပ် ရုံးမှ အတွင်းဝန်နှင့် ရုံးအဖွဲ့၊ ပြည်ထောင်စုအဆင့် သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေးမှူးရုံး အဖွဲ့တို့မှ စုစုပေါင်း (၉) ဦး တက်ရောက်ခဲ့သည်။


ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌဖြစ်သူ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်မှ ကြားကာလ သယံ ဇာတမူဝါဒနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာဆောင်ရွက်ချက်များကို အကျဉ်းချုံး တင်ပြခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၃/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ သတ္တုကဏ္ဍဆိုင်ရာ အရေးပေါ်ညွှန်ကြားချက်များ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုတင်ပြခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် စစ်ဘေးဒဏ်ခံရ သောဒေသများတွင် ပြန်လည်ထူထောင်ရေး အရေးပေါ်လိုအပ်ချက်အတွက် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်ညွှန်ကြားချက်(မူကြမ်း) တင်ပြခြင်း၊ TAB-NR များ၏ လုပ်ငန်းတိုးတက်မှုတင်ပြ ခြင်းနှင့် တိုင်းဒေသကြီးများရှိ လွတ်မြောက်ဒေသများအတွက် သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ အရေးပေါ် လုပ်ထုံးလုပ်နည်းများ (သစ်တောနှင့် ရွှေသတ္တုအသေးစားလုပ်ငန်းကဏ္ဍ) ပြင်ဆင်ဖြည့်စွက်ချက် တင်ပြခြင်း စသည်တို့အား အတွင်းရေးမှူးရုံးအဖွဲ့မှ တင်ပြခဲ့သည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်လာသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပြီး (၄/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းမှ နိဂုံးချုပ်အမှာစကားပြောကြားပြီးနောက် မှတ်တမ်းဓာတ်ပုံ ရယူကာ အစည်းအဝေးအား နေ့လယ် (၀၃း၃၀) နာရီ အချိန်တွင် ရပ်နားခဲ့သည်။



## ၄။ နည်းပညာအကြံပေးလုပ်ငန်းအဖွဲ့၏ အပတ်စဉ်အစည်းအဝေးများ ကျင်းပခြင်း

### (၂၅/၂၀၂၂) အစည်းအဝေး

- ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးတင်ပြခြင်း
- နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု စတင်နိုင်ရေး ပြင်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးတင်ပြခြင်း
- သဘာဝအမွေအနှစ်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးတင်ပြခြင်း
- သဘာဝဘေးအန္တရာယ်နှင့် စစ်ဘေးဒဏ်ခံရသော ဒေသများတွင် ပြန်လည်ထူထောင်ရေး အရေးပေါ်လိုအပ်ချက်များအတွက် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့် ညွှန်ကြားချက် ထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးတင်ပြခြင်း

### (၂၆/၂၀၂၂) အစည်းအဝေး

- ဖွဲ့စည်းထားရှိပြီးဖြစ်သည့် သယံဇာတစီမံအုပ်ချုပ်မှုမြို့နယ်အဖွဲ့များ၏ စီမံဆောင်ရွက်နေမှု၊ လုပ်ငန်းလိုအပ်ချက်နှင့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်း အဖြေရှာနိုင်ရန်အတွက် ဝန်ကြီးဌာနမှ သစ်တောနှင့် သတ္တုကဏ္ဍဆိုင်ရာ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းမှ ရရှိလာသည့် ဆွေးနွေးချက်များအား တင်ပြခြင်း
- ကြားကာလ နိုင်ငံတော်ပြန်လည်တည်ထောင်ရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ နှင့်အညီ ဝန်ထမ်းများအား သင့်လျော်သော ရာထူးတာဝန်များ ပေးအပ်တာဝန်ထမ်းဆောင်နိုင် စေရေး ဆွေးနွေးတင်ပြခြင်း
- အထွေထွေဆွေးနွေးခြင်း

### (၂၇/၂၀၂၂) အစည်းအဝေး

- ကျောက်မီးသွေးဒဏ်ကြေးကိစ္စနှင့်ပတ်သက်၍ တိုင်းဖြတ်ကျော်သယ်ဆောင်ခြင်းဆိုင်ရာ ဆွေး နွေးတင်ပြခြင်း
- CDM Fund-raising နှင့်စပ်လျဉ်း၍ တင်ပြခြင်း
- အထွေထွေဆွေးနွေးခြင်း

### (၂၈/၂၀၂၂) အစည်းအဝေး

- ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု အခြေအနေ တင်ပြခြင်း
- စက်မှုကုန်ကြမ်းတွင်းထွက် (ကျောက်မီးသွေး) အရေးပေါ်ညွှန်ကြားချက် ပြင်ဆင်ဖြည့်စွက်ခြင်း နှင့် လုပ်ငန်းတိုးတက်မှု တင်ပြခြင်း

### (၂၉/၂၀၂၂) အစည်းအဝေး

- ဝန်ကြီးချုပ်ရုံးမှ ဦးစီးကျင်းပသည့် "က" သုံးလုံးနယ်မြေ သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုမှ သတ္တုကဏ္ဍဆိုင်ရာ ဆွေးနွေးချက်များ တင်ပြခြင်းနှင့် NAB-NR တွင် တင်ပြခဲ့သည့် ကျောက်မီးသွေးဒဏ်ကြေးနှင့်ပတ်သက်၍ ပြန်လည်တင်ပြခြင်း
- အထွေထွေဆွေးနွေးခြင်း

## ၅။ ဇူလိုင်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ

စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ ပြုလုပ်သည့် တင်ဒါများနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက် (၅/၂၀၂၂)

### CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု

- ဇူလိုင်လအတွင်း နွေဦးထီရောင်းရငွေဖြင့် **CDM ဝန်ထမ်း (၃၂) ဦး**အတွက် **(၉၁၈,၄၀၀) ကျပ်** ထောက်ပံ့ပေးခြင်း၊
- ဇူလိုင်လအတွင်း သီးခြားအထောက်အပံ့အဖြစ် **CDM ဝန်ထမ်း (၈၅) ဦး** အတွက် **(၃,၀၆၆,၀၀၀) ကျပ်** ထောက်ပံ့ပေးခြင်း။

### ဇူလိုင်လအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် **စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်**တွင် သုံးဘီးဆိုင်ကယ် (၂) စီးဖြင့် သယ်ဆောင်လာသည့် တရားမဝင်သစ်ခွဲသား သစ်ရာနှင့် ပျဉ်ခွဲသား ၁ တန် ကျော်ခန့်အား တရားခံ (၂) ဦးနှင့်အတူ မြို့နယ်ပြည်သူ့ကာကွယ်ရေးအဖွဲ့နှင့် သယံဇာတမြို့နယ်အဖွဲ့တို့ မှ ဖမ်းဆီးရမိခဲ့ပြီး တရားခံနှစ်ဦးအား ခံဝန်ကတိဖြင့် ဒဏ်ရိုက်၍ သစ်နှင့် သုံးဘီးဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။

## CDM ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ

### Eco-Printing နှင့် သဘာဝချည်ဆိုးဆေး ဆရာဖြစ်သင်တန်း

Eco-Printing နှင့် သဘာဝချည်ဆိုးဆေး ဆရာဖြစ်သင်တန်း (အခြေခံအဆင့်) - အပတ်စဉ် (၁) ကို MONREC မှ ဦးဆောင်ပြီး Spring University Myanmar ၊ Twig – towards in green Burma/Myanmar နှင့် HER Assists Migrants - HAM အဖွဲ့တို့၏ ပံ့ပိုးပေးမှုတို့ဖြင့် **(၂၁-၇-၂၀၂၂) ရက်နေ့မှ (၂၇-၇-၂၀၂၂) ရက်နေ့ထိ** (၇) ရက်ကြာ ကျင်းပခဲ့ရာ **CDM ဝန်ထမ်း (၁၁) ဦး** တက်ရောက်၍ စာတွေ့ လက်တွေ့သင်ကြားခဲ့ပါသည်။



### ဖက်ဒရယ်သဃံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြား ကာလလုပ်ငန်းများအနက် ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်အဖြစ် သက်ဆိုင်ရာ ဝန်ကြီး ဌာနများနှင့် CDM ဝန်ထမ်းများအတွက် အသိပညာမြှင့်တင်ရေး အွန်လိုင်းဆွေးနွေးပွဲများကို ကျင်းပ ပြုလုပ်လျက်ရှိရာ ဇူလိုင်လ (၃) ရက်နေ့တွင် “ဇီဝမျိုးစုံမျိုးကွဲများ၊ ထိန်းသိမ်းရေးနှင့် ဖက်ဒရယ်စနစ်ရှိ အခွင့်အလမ်းများ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် “ဆည်တည်ဆောက်ခြင်း ကြောင့် ဆိုးကျိုးသက်ရောက်မှုများ - မြစ်ဆုံဆည်စီမံကိန်းနှင့် ဆက်စပ်နေသည့် အန္တရာယ်နှင့် အန္တရာယ်ကျရောက်နိုင်မှုအလားအလာ” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

ဆောင်းပါးကဏ္ဍ

### နွေဦးတော်လှန်ရေး ရဲဘော်များသို့...

(ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ရှုထောင့်အမြင်ဖြင့် အလေးပြုခြင်း)

ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်အများစုမှာ ဘာသာတရားအရ အကုသိုလ်ဟု သတ်မှတ်သမုတ် ထားသည့်ကိစ္စများကို အထူးသတိထား ရှောင်ကျဉ်လေ့ရှိကြသည်ဟုဆိုနိုင်ပါမည်။ ကိုယ်ကျင့်သိက္ခာ ချစားမှု (Corruption) အမှုများကို ထမင်းစားရေသောက်ပြုနေသူအများစုရှိရာ ဤဝန်းကျင်တွင် ဗုဒ္ဓ ဘာသာဝင်အများက အကုသိုလ်အမှုများအား ရှောင်ကြဉ်ကြသည်ဟုဆိုခြင်းမှာ ထူးဆန်းလှသည်ဟု စောဒကတက်မည်ဆိုကလည်း တက်နိုင်ပါသည်။) ထိုသို့သောရှောင်ကြဉ်မှုများမှာ တစ်ဘက်ကကြည့်လျှင် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဟု ရှုမြင်ကောင်းရှုမြင် နိုင်သော်လည်း၊ အချို့သောရှောင်ကြဉ်မှု ကိစ္စများတွင် တစ်ကိုယ်ကောင်းဆန်သည့်အကျင့်၊ လူလည်ကျသည့် အကျင့်တစ်ခုအဖြစ် ရှုမြင်မည်ဆိုက လည်း ရှုမြင်နိုင်သည်ဟုဆိုရပါမည်။ ဥပမာအားဖြင့် ဗုဒ္ဓဘာသာအများစုမှာ သူ့အသက်သတ်ခြင်းဟုဆို သည့် အမှုကိစ္စအား ကျူးလွန်ရန် အလွန်ခဲယဉ်းကြသော်လည်း တစ်ပါးသူကျူးလွန် သတ်ဖြတ်ထားသည့် အသားမျိုးစုံကိုမူ ရှောင်ကြဉ်နိုင်သူ အလွန်ရှားလှသည်မဟုတ်ပါလား။ ထိုသို့သောကိစ္စတွင် မိမိတို့အများစု၏ တစ်ကိုယ်ကောင်းဆန်မှု၊ လူလည်ကျမှုများကို မထင်မရှား တွေ့ရနိုင်ပေသည်။

ထို သို့ သော စ ရိုက် လ က္ခ ဏာများရှိသည့် လူမှုဝန်းကျင်တွင် တစ်ကိုယ်ကောင်းဆန်မှု၏ အရင်းအမြစ်ဖြစ်သည့် ကိုယ်ကျိုးအတ္တကို အနည်းငယ်မျှပင် ထည့်သွင်း

စဉ်းစားမှုမရှိပဲ မတရားမှုကို ငြင်းပယ်တွန်းလှန်သည့် စိတ်တစ်ခုတည်း အရင်းခံသည့် နွေဦးတော်လှန်ရေး ရဲဘော်များ အထင်အရှားပေါ်ပေါက်လာမှုမှာ အံ့သြချီးမွမ်းဖွယ်ဟုဆိုရပါမည်။ ရဲဘော်တစ်ဦးချင်း၏ နှလုံးသားတွင်ရှိသည့် ဓမ္မအပေါ် တိမ်း ညွှတ်မှု၊ ဓမ္မကိုမြတ်နိုးမှုဟူသည့် အမွန်အမြတ်စိတ်တွန်းအားဖြင့် အနာမခံ၊ အသာစံလိုသည့် အတ္တစရိုက် များကို နွေဦးရဲဘော်တို့ ကျော်ခိုင်းလိုက်ခဲ့လေပြီ။ နွေဦးရဲဘော်တို့မှာ ထိုထိုသော အမွန်အမြတ်စိတ်ထား ဖြင့် ဓမ္မလမ်းများကို ဖောက်လုပ်သူ၊ ဓမ္မလွှမ်းသည့် လောကကို ရှုမျှော်ဖန်တီးနေသူများလည်း ဖြစ်၍ နေလေပြီ။ တကယ့်အဆန်လမ်းကို ရွေးချယ်လျှောက်လှမ်းနေကြသူများပါပေ။ အဆန်ခရီးတို့ သဘော သဘာဝမှာ လွယ်ကူရိုးမရှိ။ လမ်းခရီးမှာ ခေါ်တောင်လည်း ဖြစ်နိုင်သလို မီးပင်လယ်ကို ဖြတ်သန်းရခြင်း မျိုးလည်း ဖြစ်နိုင်ပေသည်။ ထိုသို့သော ခရီးကြမ်းကို ရွေးချယ်လျှောက်လှမ်းနေကြသည့် နွေဦးရဲဘော် အပေါင်း၏ ဦးတည်မျှော်ရည်ရာက ရိုးရှင်းလှသည်။ လွတ်လပ်မှုနှင့် တရားမျှတမှုတို့ဖြင့် ထုံမွှန်းအပ်သည့် လူ့ဘောင်လောက တည်ဆောက်နိုင်ရေးဖြစ်သည်။ မျှော်ရည်ရာပန်းတိုင်ကို တွေးမျှော်ရှုမြင်ရခြင်းသည် ပင် အဆန်ခရီးကြမ်းကို ဖြတ်ဖို့ သူတို့အတွက် ခွန်အားအစစ်အမှန် ဖြစ်ပေသည်။


ယနေ့နွေဦးတော်လှန်ရေးတွင် ပါဝင်ကြသည့် ရဲဘော်အပေါင်းတွင် လူမျိုးအားဖြင့် စုံလင်လှပြီး၊ ယုံကြည်ရာဘာသာတရားအားဖြင့် အရောင်အသွေး စုံလှသည်။ တစ်နည်းအားဖြင့် ယနေ့နွေဦးရဲဘော် များ၏ ဓမ္မအပေါ် မြတ်နိုးမှု၊ အဓမ္မကို စက်ဆုတ်ရွံရှာမှုတို့က ကိုးကွယ်ရာဘာသာတရား ဆိုသည့် စည်း ဘောင်များကိုလည်း တသားတည်းဖြစ်စေခဲ့ပေသည်။ တဖန် အရောင်အသွေးစုံလင်လှသည့် လူအမျိုးမျိုး ကြားရှိ လူမျိုးရေးစည်းဘောင်များကိုလည်း အငွေ့ပျံစေခဲ့ပေပြီ။ နွေဦးတော်လှန်ရေး ရဲဘော်တစ်ဦးစီတွင် ဓမ္မကိုမြတ်နိုးမှုနှင့် အဓမ္မကို ရွံရှာစက်ဆုပ်ခြင်း ဟူသည့် စရိုက်လက္ခဏာတို့သာ အထင်အရှားရှိကြပြီး၊ အဆိုပါစရိုက်လက္ခဏာများသည်သာ ရဲဘော်အားလုံး အတူလက်တွဲလျှောက်လှမ်းမှုကို ဖြစ်စေသည့် ဘုံရပ်တည်ချက် (Common Ground) ပင်ဖြစ်သည်။

တကယ်တမ်းအားဖြင့် တော်လှန်ရေး ရဲဘော်များ၏ ဓမ္မကိုမြတ်နိုးမှု၊ အဓမ္မကို စက်ဆုပ်မှုတို့မှာ ဗုဒ္ဓဘာသာရှုထောင့်အရ သူတော်ကောင်း စိတ်အခံရှိသူများ၏ စရိုက် လ က္ခ ဏာ များ ပ င် ဖြ စ် ပေ သ ည် ။ တော်လှန်ရေးရဲဘော်များ၏ ခံယူချက်၊ ရပ်တည်ချက်နှင့် ခုခံတွန်းလှန်စစ်တွင် အသက်ကိုပဓာနမထားဘဲ ပါဝင်နေမှုများမှာ သာမန်လူတို့ လုပ်နိုင်ခဲ့သည့်လုပ်ငန်းကြီးဖြစ်ပါသည်။ ထိုသို့သောလုပ်ငန်းကို ပါရမီကုသိုလ်မြောက်လုပ်ငန်းကြီးအဖြစ် ဗုဒ္ဓဘာသာတွင် ရှုမြင်ကြပေသည်။ တနည်းအားဖြင့် နွေဦးတော်လှန် ရေး ရဲဘော်များမှာ လောကတွင် အဓမ္မတို့ ဆိပ်သုဉ်းပြီး၊ ဓမ္မတရားတို့ အင်အားကောင်းဖို့ လောက လူသားတစ်ဦး၏ အကြီးမားဆုံးတာဝန်ကို ထမ်းရွက်နေကြသူများလည်း ဖြစ်ပေသည်။

ထိုသို့သော သူတော်ကောင်းစရိုက်လက္ခဏာများရှိပြီး၊ သာမန်လူတို့ပြုနိုင်ခဲ့သည့် လုပ်ငန်းကြီး တွင် ပါဝင်ထမ်းရွက်ကြသူ တော်လှန်ရေး ရဲဘော်များမှာ ရှေးသူတော်ကောင်း အာဇာနည်တို့ လျှောက် လှမ်းခဲ့သည့် လမ်းကိုပင် လျှောက်လှမ်းကြသူများ ဖြစ်သည်ဟု ဆိုရပါမည်။ ရွေးချယ်လျှောက်လှမ်းရာ ခရီးလမ်းတွင် ဓမ္မအတွက် ဘဝကိုပင် အရင်းတည်လျှက် အတ္တကင်းသည့် ပါရမီကုသိုလ်မြောက် လုပ်ဆောင်မှုများကြောင့် နွေ ဦး တော် လှ န် ရေး ရဲ ဘော် များ မှာ လက်ရှိတွင်လည်း အများသူငှာ၏ မှီခို အားကိုးရာ တောင်တန်းကြီးများ သဖွယ် ဖြစ်၍နေပေပြီ။ နောက်နောင်ကျင်လည်ရာ ဘုံဘဝအထွေထွေ တွင်လည်း မိမိတို့ကဲ့သို့ သာမန်အများသူငှာ၏ အားကိုးမှီခိုရာ ရေ့ဆောင်လမ်းပြကြီးများဖြစ်၍လည်း နေကြပေဦးမည်။ သူတို့၏ မွန်မြတ်လှသည့် ဘဝရပ်တည်ချက်၊ မွန်မြတ်လှသည့် ဘဝလမ်းရွေးချယ်မှု များအတွက် နွေဦးရဲဘော်တစ်ဦးချင်းစီကို လေးစားကြည်ညိုစိတ် အရင်းခံလျှက် အလေးပြုအပ်ပါသည်။

(ဆရာဦးရွှေအောင်၏ ဗုဒ္ဓအယူဝါဒဆိုင်ရာ အမြင်အချို့ကို မှီငြမ်းပါသည်။)

**Justice**



ကဗျာကဏ္ဍ

## မှန်ကန်သောလမ်း

ပြည်သူညှိုးငယ် နှစ်ဆယ့်တစ်ဝယ်
နိုင်ငံ့မျိုးယုတ် ခွေးတစ်အုပ်တို့
မတန်မှန်းကာ အာဏာလုသည်
ဖွတ်ဖြစ်သွားပြီ တို့မြန်မာပြည်။

ထိုတွက်သာပင် စဉ်းစားပါသော်
ဘောပင်ကိုင်ကာ စာရေးစားပွဲ
ဆက်ကာထိုင်လည်း
ဒီအမျိုးယုတ် ပြုတ်မည်မဟုတ်။

ဘောပင်ချ၍ CDM လုပ်
သေနတ်ပြောင်းလွယ် စစ်သင်တန်းဝယ်
ကျိုးနွံကြိုးစား ပြည်သူချစ်သော
ပြည်သူ့စစ်သား။

အမိမြေနှင့် နိုင်ငံ့ခေါင်းဆောင်
တို့ခေါင်းဆောင်ကို မတရားချုပ်
အပြစ်လုပ်ထား မအေလသား
ထိုခွေးများကို နိုင်ငံတွင်းမှ
အမြစ်ပါဖြုတ် တိုက်ထုတ်သွားမည်။
နိုင်ပွဲရပြီး ပြည်သူ့အာဏာ
ပြန်ရပါမှ ရုံးပြန်တက်မည်။

အရေးတော်ပုံ အောင်ရမည်။

**မူးရေး**

## ဩဂုတ်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့

- **International Day of the World's Indigenous Peoples**
  **အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့**
  ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့
- **World Lion Day**
  **ကမ္ဘာ့ခြင်္သေ့များနေ့**
  ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့
- **World Elephant Day**
  **ကမ္ဘာ့ဆင်များနေ့**
  ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့

### ပြည်ထောင်စုဝန်ကြီး စကားသံ

**"ကျနော်တို့ အားလုံးဟာ အုတ်တချပ် သဲတပွင့်တွေပါ။**

**ကျနော်တို့ တယောက်ချင်းဟာ ဒီတော်လှန်ရေးအတွက် မဖြစ်စလောက် အစိတ်အပိုင်းလေးတွေပါ။ ဒါပေမယ့် ဒီအစိတ်အပိုင်းလေးတွေ မပါဘဲ ဒီတော်လှန်ရေးကြီး အောင်မြင်ဖို့ မဖြစ်နိုင်ဘူး"**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်